# ဩဂုတ်လ ၄ ရက်နေ့၌ ရက္ခိုင့်တပ်တော်(AA) က မောင်နီရပ်ကွက်မှ အရပ်သား ရိုဟင်ဂျာ မိသားစု ၉ စုကို အစအန ဖျောက်ပစ်ခြင်း အပါအဝင် လူအများအပြား သတ်ဖြတ်ခဲ့ခြင်းနှင့် ပတ်သက်၍ 'မေယုဒေသ - လူ့အခွင့်အရေး မှတ်တမ်းတင်ရေးစင်တာ (MHRDC) ၏ လေ့လာတွေ့ရှိချက်များ

ရက်စွဲ - ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်

- **"ကျွန်မတို့ အိမ်ကို AAတပ်ဖွဲ့ဝင်တွေ ဝိုင်းရံပိတ်ဆို့ထားတယ်။ ကျွန်မတို့မှာ ထွက်ပြေးစရာ လမ်းမရှိတော့ဘူး"**
  - *ရက္ခိုင့်တပ်တော်အဖွဲ့၏ ဝန်းရံပိတ်ဆို့ခြင်းခံရပြီး အိမ်ထဲပိတ်မိနေခဲ့သူများအနက် အမျိုးသမီးတစ်ဦးထံမှ နောက်ဆုံးကြားခဲ့ရသော ပြောဆိုချက်။*
- **"ငါ့ ညီမတို့ လင်းမယားနဲ့ သူ့သားသမီးလေးယောက်ထဲက နှစ်ယောက် အသတ်ခံလိုက်ရပြီ။ ကျန်တဲ့ကလေး နှစ်ယောက်ကလဲ ဒဏ်ရာတွေနဲ့ပါပဲ"**
  - *ဒဏ်ရာရရှိသော ကလေးငယ်နှစ်ယောက်ကို ပိုးရင်း ထွက်ပြေးလာသူ ဦးလေး၏ထွက်ဆိုချက်။*

၁။ မောင်တောမြို့ပေါ်နှင့် မြို့ပေါ်အနီးတစ်ဝိုက်ကို ရက္ခိုင့်တပ်တော်က စစ်ဆင်ရေး လုပ်ခဲ့စဉ်အတွင်းတွင် "ရက္ခိုင်တပ်တော် နှင့် စစ်ကောင်စီ" နှစ်ဖွဲ့စလုံးသည် အရပ်သားရိုဟင်ဂျာများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား တိုက်ခိုက်ခဲ့ပါသည်။ ကျွန်ုပ်တို့ MHRDC ၏ အနီးကပ်စောင့်ကြည့် လေ့လာချက်အရ အဆိုပါနှစ်ဖွဲ့စလုံး၏ ပစ်မှတ်ထားတိုက်ခိုက်ခဲ့မှုကြောင့် ဇွန်လမှ ဩဂုတ်လ ၅၊ ၆ ရက်နေ့ နတ်မြစ်ကမ်းစပ်မှာ လူအစုလိုက်အပြုံလိုက် အသတ်ခံရခြင်း ဖြစ်စဉ်အထိ မောင်တောမြို့ပေါ်နှင့် မြို့ပေါ်အနီးတစ်ဝိုက် ရပ်ကွက်ကျေးရွာများမှ အရပ်သားရိုဟင်ဂျာ အနည်းဆုံး **၅၀၀ ခန့်** သတ်ဖြတ်ခံခဲ့ရသည်။

၂။ အထူးသဖြင့် ရက္ခိုင့်တပ်တော်သည် ၂၀၂၄ ခုနှစ် ဇွန်လ ၁၆ ရက်နေ့၌ "မောင်တောမြို့နှင့်ပတ်သက်၍ ကြိုတင်အသိပေးခြင်းနှင့် အရေးပေါ်ထုတ်ပြန်ချက်" ကို ထုတ်ပြန်ခဲ့ပါသည်။ ထို့နောက် ရက္ခိုင့်တပ်တော်အဖွဲ့သည် ဇွန်လ ၁၇ ရက်နေ့ ညနေ ၆ နာရီခန့်တွင် ပန်းတောပြင်ရိုဟင်ဂျာကျေးရွာကို ခြေကုပ်လာယူခဲ့ပြီး၊ ဇွန်လ ၂၀ ရက်နေ့မှစတင်၍ အရပ်သားများကို ပစ်မှတ်ထားလျက် မြို့ပေါ်ရှိ ရိုဟင်ဂျာရပ်ကွက်များကို ရှော့တိုက်ဒုံးများ၊ ဒရုန်းဗုံးများဖြင့် နေ့တိုင်းနီးပါး ပစ်ခတ်ခဲ့ရာ အရပ်သားများစွာ ထိခိုက်အသက်ဆုံးရှုံးမှုများ ရှိခဲ့သည်။ ဤသည်ကိုထောက်ရှုခြင်းအားဖြင့် ရက္ခိုင့်တပ်တော်သည် ရိုဟင်ဂျာများအား မြို့ပေါ်မှ ဖယ်ရှားရှင်းလင်းလို၍လည်းကောင်း၊ လက်လွတ်စပယ် သတ်ဖြတ်နိုင်ရန်လည်းကောင်း အဆိုပါ 'အရေးပေါ်ထုတ်ပြန်ချက်'ကို မူမမှန်သော အကာအကွယ်အဖြစ် အသုံးပြုခဲ့ကြောင်း MHRDC က ရှုမြင်ပါသည်။

# ဩဂုတ်လ ၄ ရက်နေ့ မောင်နီရပ်ကွက်မှာ ဘာဖြစ်ခဲ့သလဲ

၁။ ရက္ခိုင့်တပ်တော်တပ်ဖွဲ့ဝင်များသည် ဩဂုတ်လ (၄) ရက်နေ့တွင် မောင်နီရပ်ကွက်သို့ ထိုးဖောက်ဝင်ရောက်၍ မောင်တောမြို့သိမ်းစစ်ဆင်ရေး စတင်ခဲ့ကြောင်းနှင့် ယင်းနေ့၌ပင် မောင်နီရဲစခန်းကို သိမ်းပိုက်နိုင်ခဲ့သည်ဟု ရက္ခိုင်တပ်တော်၏ ဩဂုတ်လ ၁၈ ရက်နေ့ထုတ် ထုတ်ပြန်စာမှာ ဖော်ပြထားပါသည်။

၂။ ရက္ခိုင့်တပ်တော်တပ်ဖွဲ့ဝင်များသည် ဩဂုတ်လ (၄) ရက်နေ့ နံနက် (၄) နာရီခန့်အချိန်၌ ပန်းတောပြင်မှ မောင်နီရပ်ကွက်သို့ ဝင်ရောက်လာခဲ့ပြီးနောက် မောင်နီရဲစခန်းကို တိုက်ခိုက်နေခဲ့သည့် တစ်ချိန်တည်းတွင် ယင်းရပ်ကွက်သူရပ်ကွက်သားများကိုလည်း ပစ်မှတ်ထား သတ်ဖြတ်မှုများ ရှိခဲ့သည်ကို MHRDC က လေ့လာတွေ့ရှိရပါသည်။ ယင်းနေ့တွင် ရက္ခိုင့်တပ်တော်တပ်ဖွဲ့ဝင်များသည် မောင်နီရပ်ကွက်၏ တောင်ဘက်အကျဆုံး (ပန်းတောပြင်ရွာနှင့်အနီးကပ်ဆုံး) ရှိဟင်ဂျာအိမ်အချို့ကို ဝန်းရံပိတ်ဆို့ခဲ့ပြီး ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ အမျိုးသမီး မခွဲမခြားဘဲ သတ်ဖြတ်ခဲ့ကြောင်း၊ အချို့သော အိမ်များကို RPG (ပခုံးထမ်းဒုံးပျံ)များဖြင့် တိုက်ခိုက်ခဲ့၍ အိမ်ထဲပိတ်မိနေခဲ့သူအများစုမှာ အသတ်ခံလိုက်ရကြောင်း လေ့လာတွေ့ရှိပါသည်။

- မောင်နီရပ်ကွက်သည် ရက္ခိုင့်တပ်တော်ခြေကုပ်ယူထားသော ပန်းတောင်ပြင်နှင့် အနီးကပ်ဆုံး ရပ်ကွက်တစ်ခုဖြစ်ပြီး၊ ၂၀၂၄ ခုနှစ် ဇွန်လ ၁၇ ရက်နေ့နောက်ပိုင်းတွင် မကြာခဏဆိုသလို ရှော့တိုက်ဒုံ၊ ဒရုန်းဗုံးများဖြင့် တိုက်ခိုက်ခံခဲ့ရ၍ ယင်းရပ်ကွက်မှ လူအများအပြား အသက်ဆုံးရှုံးခဲ့ရသည်။ ထွက်ပြေးစရာမရှိခဲ့သော ရပ်ကွက်သားအများစုသည် မိမိ၏ရပ်ကွက်အတွင်း၌ပင် ဗုံးဒဏ်ကို အနည်းနှင့်အများ ခံနိုင်ရည်ရှိသော အိမ်ကြီးများသို့ ပြောင်းရွှေ့ကာ စုပေါင်းနေထိုင်ခဲ့ကြပါသည်။ မော်လဝီရှားအလောမ်၏အိမ်သည် နှစ်ထပ်အိမ်ဖြစ်ပြီး၊ ယင်းညတွင် အနီးအနားမှ ဆွေမျိုးသားချင်းမိသားစု အနည်းဆုံး ၈ စု လာရောက်နေထိုင်နေခဲ့ပါသည်။
- မော်လဝီရှားအာလောမ်၏အိမ်ကို ရက္ခိုင့်တပ်တော်အဖွဲ့က ဝိုင်းရံပိတ်ဆို့ထားလိုက်ပြီ' ဟူ၍ သတင်းထွက်ပေါ်လာသောကြောင့် ဆွေးမျိုးသားချင်းများက အိမ်၌ပိတ်မိနေခဲ့သူများနှင့် အဆက်အသွယ်ပြုနိုင်ရန် အပြင်းအထန် ကြိုးစားခဲ့ရာ **နံနက် ၄း ၅၃ မိနစ် အချိန်တွင် ၃ မိနစ် ၁၈ စက္ကန့် စကားပြောခွင့်ရခဲ့ပြီး၊ နံနက် ၅:၀၅ အချိန်တွင် ၁၀ မိနစ် ၄၉ စက္ကန့် စကားပြောခွင့်ရခဲ့သည်။**

ပိတ်မိခံခဲ့ရသူများက "ယင်းတို့၏အိမ်ကို ရက္ခိုင့်တပ်တော်အဖွဲ့က ပတ်ပတ်လည်လည်မှ ဝိုင်းရံပိတ်ဆို့ထား၍ ၎င်းတို့အနေဖြင့် ထွက်ပြေးစရာလမ်း မရှိကြောင်း" ငိုယိုပြောပြခဲ့သည်။ နောက်ထပ် အကြိမ်ကြိမ် ဖုန်းခေါ်ဆိုခဲ့ပြီး၊ ဖုန်းဝင်ခဲ့သော်လည်း လက်ခံဖြေဆိုခဲ့ခြင်းမရှိပါ။ ယင်းနေ့ နံနက် ၈ နာရီခန့် အချိန်တွင် ဖုန်းလက်ခံဖြေဆိုမှုတစ်ကြိမ်ရှိခဲ့ပြီး **ရခိုင်အသံနှင့် တစ်ခွန်းနှစ်ခွန်း** ပြောပြီးနောက် ဖုန်းကိုပိတ်ထားလိုက်ပါသည်။ ယင်းအိမ်၌ ဖုန်းငါးလုံး ရှိခဲ့ပြီး နောက်ပိုင်းတွင် ဖုန်းအားလုံး ပိတ်ထားသည်ကို တွေ့ရပါသည်။

- ယင်းနောက်ပိုင်းတွင် ဤအရပ်သား မိသားစု ၉ စုကို ရက္ခိုင့်တပ်တော်က 'သူတို့၏ ထိန်းချုပ်နယ်မြေများသို့ ခေါ်ဆောင်သွားခဲ့သလား' သို့မဟုတ် 'ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပို့ဆောင်ခဲ့သလား'၊ ဤသည်ကို MHRDC က တစ်လနီးပါး စုံစမ်းစောင့်ကြည့် ကြည့်သော်လည်း ယင်းတို့သည် ရက္ခိုင့်တပ်တော်၏ ထိန်းချုပ်နယ်မြေတွင် ရှိနေသည်ဟု ယနေ့တိုင် သတင်းအစအန မတွေ့ရှိရသလို၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိသွားသည် ဟူ၍လည်း မတွေ့ရှိရပေ။
- အဆိုပါ ရိုဟင်ဂျာ မိသားစု ၉ စုပါ အိမ်ကြီးကို ရက္ခိုင့်တပ်တော်အဖွဲ့က ဝိုင်းရံပိတ်ဆို့ခဲ့သည်မှာ **"ကျွန်မတို့အိမ်ကို ရက္ခိုင့်တပ်တော်တပ်ဖွဲ့ဝင်တွေက ဝိုင်းရံပိတ်ဆို့ထားတယ်"** ဟူသော ဖုန်းလက်ခံဖြေဆိုခဲ့သူများ၏ပြောစကား၊ ရခိုင်အသံနှင့် ဖုန်းလက်ခံဖြေဆိုခဲ့မှု၊ အခင်းအခြေအနေကို မြင်တွေ့ခဲ့သော မျက်မြင်သက်သေ တို့သည် ခိုင်မာသောသက်သေ အထောက်အထားပင် ဖြစ်ပါသည်။ (ယင်းကာလအတောတွင်း မြန်မာဖုန်းလိုင်းများ ချိတ်ပိတ်ထား၍ မောင်တောမြို့၌ ဘင်္ဂလားဒေ့ရှ်ဖုန်းလိုင်းများကိုသာ အသုံးပြုခဲ့သည်ဖြစ်ရာ ရခိုင်အသံနှင့် ဖုန်းလက်ခံဖြေဆိုခြင်းနှင့် အခြားဖုန်းလက်ခံဖြေဆိုခဲ့မှုများ၏ "Record" ကို သက်ဆိုင်ရာနိုင်ငံမှ ဖုန်းလိုင်းအော်ပရေတာများထံတွင် မှတ်တမ်း ရှိမည်ဖြစ်သည်)။
- ထို့ပြင် ယင်းနေ့မနက်ပိုင်းအချိန်တွင် မောင်နီရပ်ကွက်မှ အခြားသော အရပ်သားပြည်သူ အများအပြားကိုလည်း ရက္ခိုင့်တပ်တော်အဖွဲ့က သတ်ဖြတ်ခဲ့ကြောင်း ခိုင်မာသောသက်သေ အထောက်အထားများ ကျွန်ုပ်တို့လက်ခံရရှိထားပါသည်။ ထို့ပြင် ဒဏ်ရာဖြင့် အသက်ရှင် လွတ်မြောက်လာ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဆေးကုသမှုခံယူနေသူများသည်လည်း သက်ရှိထင်ရှားသော ခိုင်မာသည့် သက်သေများပင် ဖြစ်ပါသည်။

- လွန်ခဲ့သော လများတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် ဖုန်းလိုင်း၊ အင်တာနက်လိုင်းများ ဖြတ်တောက်၍ မောင်တောမြို့နှင့် ဘူးသီးတောင်မြို့တို့ကို သတင်းအမှောင်ချခဲ့သည်။ ဤသည်ကို အခွင့်ကောင်းယူ၍ စစ်ကောင်စီတပ်ဖွဲ့ဝင်များနှင့် ရက္ခိုင့်တပ်တော် တပ်ဖွဲ့ဝင်များသည် ဒေသခံရိုဟင်ဂျာ ထောင်သောင်းချီကို သတ်ဖြတ်ခဲ့ပါသည်။ အထူးသဖြင့် ရက္ခိုင့်တပ်တော်သည် လူအစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့ခြင်းများကို နေရာအများအပြားတွင် ကျူးလွန်ခဲ့ပြီး၊ ထိုအထဲတွင် ဤ **"ဩဂုတ်လ ၄ ရက်နေ့ မောင်နီရပ်ကွက်မှ မိသားစု ၉ စုမှ ရိုဟင်ဂျာ ၃၆ ဦးအပါအဝင် လူအများအပြားသတ်ဖြတ်ခဲ့သောဖြစ်စဉ်"** မှာလည်း ရက္ခိုင့်တပ်တော်၏ ထင်ရှားသော လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတစ်ခုပင် ဖြစ်ပါသည်။ ဤမောင်နီရပ်ကွက် ဖြစ်စဉ်သည် ရက္ခိုင့်တပ်တော်က ဩဂုတ်လ ၅ ရက်နေ့နှင့် ၆ ရက်နေ့တို့တွင် နတ်မြစ်ကမ်းစပ်၌ လူအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကျူးလွန်မည့် ကြောက်မက်ဖွယ် ဖြစ်စဉ်၏ ရှေ့ပြေးနိမိတ်ပြအဖြစ်လည်း ထင်ရှားနေပါသည်။
- ဤ ဩဂုတ်လ ၄ ရက်နေ့ မောင်နီရပ်ကွက်ဖြစ်စဉ်ကို ရက္ခိုင့်တပ်တော်ထံသို့ Mail မှတဆင့် တင်ပြခဲ့ပြီး ဖြေရှင်းချက်တောင်းဆိုခဲ့သော်လည်း ရက္ခိုင့်တပ်တော်က ယနေ့တိုင် မည်သို့မျှ တုန့်ပြန်အကြောင်းပြန်ကြားခြင်း မရှိပေ

ဤမောင်နီရပ်ကွက်မှ "**ရိုဟင်ဂျာ မိသားစု ၉ စုမှ ရိုဟင်ဂျာ ၃၆ ဦးအပါအဝင် အခြားသော ရိုဟင်ဂျာ အများအပြား အသတ်ခံခဲ့ရမှုဖြစ်စဉ်"** အပါအဝင် ရက္ခိုင့်တပ်တော်၏ ဆိုးရွားသော အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ်များကို စုံစမ်းစစ်ဆေးဖော်ထုတ်ပြီး တရားခံများကို ထိထိရောက်ရောက် အရေးယူပေးပါရန် နိုင်ငံတကာအဖွဲ့အစည်းများကို ကျွန်ုပ်တို့ MHRDC မှ အလေးအနက် တိုက်တွန်းတောင်းဆိုပါသည်။

မှတ်ချက် -

- ဖုန်းခေါ်ဆိုခဲ့မှု မှတ်တမ်းများနှင့် ဖုန်းနံပါတ်များ၊ ယင်းအိမ်၌ အနီးအနားမှ ဆွေမျိုးသားချင်းများ သွားရောက်ခိုလှုံခဲ့ကြောင်း ဓာတ်ပုံမှတ်တမ်း နှင့် အသတ်ခံရသူတို့၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ၊ ဓာတ်ပုံမှတ်တမ်းများကို MHRDC က စုံစမ်းစုစည်း မှတ်တမ်းရယူထားပါသည်။ ပိုမိုသိရှိလိုပါက hrdc-mayuregion@proton.me သို့ ဆက်သွယ်နိုင်ပါသည်။